
မွန်လူ့ထုအသံ
The Mon Forum
HUMAN RIGHTS NEWSLETTER
အတွဲ(၉) ၊ အမှတ်(၁၂) ၊ ဒီဇင်ဘာလ ၃၁ ၊ ၂၀၂၄
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

# တကျော့ပြန်တိုက်ပွဲနှင့် ကာလရှည်ကြာနေသည့် စစ်ဘေးရှောင်များ




စာမျက်နှာ (၄) သို့

## စစ်ကောင်စီ၏လက်နက်ကြီးကြောင့် အရပ်သား (၁) ဦး သေဆုံးပြီး (၂) ဦး ဒဏ်ရာရ



ဒီဇင်ဘာ ၂၀၊ ၂၀၂၄

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် အနန်းကွင်းစစ်ဗျူဟာစခန်းကို လက်မလွှတ်ရရန်အတွက် စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုများကို ၂၀၂၄ ဒီဇင်ဘာလ (၁၄) ရက်နေ့မှ (၁၇) ရက်နေ့အထိ ဆက်တိုက်ပြုလုပ်ခဲ့ရာ လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် အရပ်သား (၁) ဦး သေဆုံးပြီး (၂) ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း သိရသည်။

စာမျက်နှာ (၆) သို့

INSIDE

ကော့ကရိတ်မြို့နယ်တွင် တိုက်ပွဲကြောင့် စာသင်ကျောင်းများ ပိတ်ထားရ — စာမျက်နှာ (၇) သို့
တကျော့ပြန်အနန်းကွင်းတိုက်ပွဲကြောင့် ကိုယ်လက်အင်္ဂါဆုံးရှုံးရသူ များပြားလာ — စာမျက်နှာ (၁၀) သို့
၂၀၂၄ ဇန်နဝါရီလ မှ ဒီဇင်ဘာလအထိ လက်နက်ကြီးပစ်ခတ်မှုကြောင့် အသက်ဆုံးရှုံးမှု နှင့် ဒဏ်ရာအနာတရရရှိသူ စာရင်း — စာမျက်နှာ (၁၈) သို့
၂၀၂၄ ဘာလ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ် ၊ ကရင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာမှတ်တမ်း — စာမျက်နှာ (၂၃) သို့
ကြာအင်းဆိပ်ကြီးမြို့တွင် တစ်ရပ်ကွက်လျှင် (၁၀) ယောက်နှုန်းဖြင့် စစ်မှုထမ်းရမည် — စာမျက်နှာ (၂၆) သို့

HUMAN RIGHTS FOUNDATION OF MONLAND (HURFOM)
www.rehmonnya.org

# အကြမ်းဖက်မှုသံသရာ အဆုံးသတ်ရန်အတွက် စစ်ကောင်စီကို အပြစ်ပေးနိုင်ရန် လိုအပ်

## (၂၀၂၄ ဒီဇင်ဘာလအတွက် အယ်ဒီတာ့အာဘော်)

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မွန်လူထုအသံစာစဉ် အတွဲ (၉) အမှတ် (၁၂) ကို ထုတ်ဝေလိုက်ပါသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတောင်ပိုင်း မွန်၊ ကရင်နှင့် တနင်္သာရီ ဒေသများတွင် ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ကောက်ခံ စုဆောင်းပြီး အင်တာနက်နှင့် လူမှုကွန်ရက်စာမျက်နှာများမှတဆင့် ပြည်သူလူထုကို ပုံမှန်တင်ပြလျက်ရှိသည်။ ၎င်းပြင် မွန်လူထုအသံစာစဉ်ကိုလည်း တစ်လတစ်ကြိမ် ထုတ်ဝေလျက် ရှိသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် တစ်လလျှင် လူ့အခွင့်အရေးချိုးဖောက်မှု သတင်းပေါင်း (၄၀) မှ (၅၀) ကျော်ကြားအထိ ပြည်သူလူထုကို ပုံမှန်တင်ပြလျက်ရှိပြီး ၂၀၂၄ ဒီဇင်ဘာလတွင် မြို့နယ် (၁၈) မြို့နယ်မှ လူအခွင့်အရေးချိုးဖောက်မှုသတင်း (၄၆) ပုဒ်ကို ပြည်သူများထံသို့ အသိပေးတင်ပြခဲ့သည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်းဧရိယာတွင် တိုက်ပွဲများ ပိုမိုပြင်းထန်လာသဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများလည်း ဆက်လက်မြင့်မားနေသည်။ အထူးသဖြင့် ယခုလတွင် ဥပဒေပြင်ပသတ်ဖြတ်ခံရသည့် ဒေသခံပြည်သူလူထုအရေအတွက် မြင့်တက်လာပြီး တစ်လတည်းတွင် သတ်ဖြတ်မှုဖြစ်စဉ် (၉) ခု ဖြစ်ပွားခဲ့သည်။

စစ်ကြောင်းထိုးစဉ် ဖမ်းဆီးသတ်ဖြတ်ခြင်းများ၊ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ကာ သတ်ဖြတ်ခြင်းနှင့် စစ်ဆေးရေးဂိတ်တွင် **"လက်လွတ်စပယ်"** ပစ်ခတ်သတ်ဖြတ်ခြင်းများ အပြင် မြေမြှုပ်မိုင်းထောင်၍ သတ်ဖြတ်ခြင်းများကို စစ်ကောင်စီတပ်က ကျူးလွန်ခဲ့သည်။

သတ်ဖြတ်ခံရသူများသည် အမျိုးသား၊ အမျိုးသမီး၊ ကလေးသူငယ်၊ လူကြီးလူရွယ် အရွယ် သုံးပါးလုံး ပါဝင်နေသဖြင့် စစ်ကောင်စီသည် မည်သူ့ကိုမျှ ညှာတာထောက်ထားခြင်းမရှိဘဲ သတ်ဖြတ်မှုများကို **"ထမင်းစားရေသောက်သဖွယ်"** လုပ်ဆောင်နေကြောင်း သိသာထင်ရှား နေသည်။

ဖမ်းဆီးသတ်ဖြတ်မှုများတွင် မသတ်ဖြတ်မီ ညှဉ်းပန်းနှိပ်စက်မှုများကိုလည်း ကျူးလွန်ခဲ့ သည်။ သတ်ဖြတ်ပြီးနောက် အလောင်းကို မြေမြှုပ်ဖျောက်ဖျက်ခဲ့သည်။

**"အဖမ်းခံရကတည်းက အတော်လေးအရိုက်ခံထားရတယ်။ အလောင်းကို မြေတစ်ဝက်မြှုပ်ပြီး သစ်ကိုင်းခြောက်နဲ့ အုပ်ထားတယ်"** ဟု တနင်္သာရီတိုင်း ရေဖြူမြို့နယ် ခွေးမဖော်ရွာသား တစ်ဦးက ပြောသည်။

လက်နက်ကြီးကြောင့် သတ်ဖြတ်ခံရသူများဖြစ်စဉ်တွင် သေဆုံးမှုအပြင် ထိခိုက်ဒဏ်ရာရရှိမှုပါ ပူးတွဲဖြစ်ပေါ်လေ့ရှိသည်။ ၎င်းပြင် ပြည်သူတို့၏ အိုးအိမ်စည်းစိမ်ပျက်စီးဆုံးရှုံးမှုများလည်း ဖြစ်ခဲ့ရသည်။

**"ဝင်းထောင်နဲ့ နန်းခိုဘက်က (၁) ယောက်သေ၊ (၂) ယောက် ဒဏ်ရာရတယ်။ ဇီးနှစ်ပင်ဘက်က အိမ်တွေလည်း လက်နက်ကြီးမှန်တာ ရှိတယ်"** ဟု ဒေသခံတစ်ဦးက ပြောသည်။

မြေမြှုပ်မိုင်းထောင်၍ သတ်ဖြတ်မှုတွင် ကလေးသူငယ် လူကြီးလူရွယ် အမျိုးသား အမျိုးသမီးမရွေး ထိခိုက်ကြရသည့်အပြင် မြေမြှုပ်မိုင်းအန္တရာယ်ကြောင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုလည်း မလုပ်ကိုင်နိုင်ချေ။

**"အဲကလေးက မနက်တိုင်း ငါးရှာထွက်တာ တွေ့တယ်။ ကလေးက ရွာဘာခြံမှာ အလုပ်လုပ်နေတာ သိပ်မကြာသေးဘူး။ အခုလို ဖြစ်သွားတာ စိတ်မကောင်းဘူး"** ဟု ဒေသခံတစ်ဦးက ပြောသည်။

အဆိုးရွားဆုံးကိစ္စမှာ လူသွားလမ်းများနှင့် လုပ်ငန်းခွင်ဖြစ်သည့် ဥယျာဉ်ခြံများတွင် မြေမြှုပ်မိုင်းများ ထောင်ထားခြင်းဖြစ်သည်။

နိုင်ငံအနှံ့အပြားတွင် စစ်ရှုံးနေသည့် စစ်ကောင်စီက တော်လှန်ရေးလက်နက်ကိုင်တပ်ဖွဲ့များထက် ပြည်သူလူထုကို ပိုမိုအကြမ်းဖက်သတ်ဖြတ်လာသည်မှာ တစ်နေ့တခြား သိသာထင်ရှားလာနေသည်။ ပြစ်ဒဏ်မှကင်းလွတ်ခွင့်ရနေသည့် ကာလပတ်လုံး အကြမ်းဖက်မှုများကို "လက်ရဲဇက်ရဲ" ဆက်လက်ကျူးလွန်နေမည် ဖြစ်သဖြင့် ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုများအတွက် စစ်ကောင်စီကို အပြစ်ပေးအရေးယူနိုင်မှသာလျှင် အကြမ်းဖက်မှုသံသရာ အဆုံးသတ်မည် ဖြစ်သည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် သတင်းအချက်အလက်ကောက်ခံစုဆောင်းခြင်းနှင့် သတင်းထုတ်ပြန်ခြင်း မှတဆင့် စစ်တပ်က ၎င်းတို့ကျူးလွန်ထားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေသည့် အလေ့အထကို ချိုးဖျက်ရပ်တန့်ရန် လည်းကောင်း၊ မြန်မာနိုင်ငံတွင် စစ်မှန်သောငြိမ်းချမ်းရေးရရှိရန်နှင့် စစ်မှန်သောဖက်ဒရယ် ဒီမိုကရေစီစနစ်ပေါ်ထွန်းရန်လည်းကောင်း ရည်ရွယ်ပါသည်။

အယ်ဒီတာအဖွဲ့
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း
၂၀၂၄ ဒီဇင်ဘာလ

# တကျော့ပြန်တိုက်ပွဲနှင့် ကာလရှည်ကြာနေသည့် စစ်ဘေးရှောင်များ



**ဒီဇင်ဘာ ၃၊ ၂၀၂၄**

၂၀၂၄ ဩဂုတ်လ (၁၈) ရက်နေ့တွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် နယ်စပ် သံဖြူဇရပ်-ဘုရားသုံးဆူကားလမ်းပေါ်ရှိ အနန်းကွင်းစစ်ဗျူဟာစခန်းကို ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် မဟာမိတ်ပူးပေါင်းတပ်များက ဝင်ရောက်တိုက်ခိုက်ရာမှ တိုက်ပွဲများ တကျော့ပြန်လည်ဖြစ်ပွားခဲ့သည်။

အဆိုပါတိုက်ပွဲသည် (၄) လကျော် ကြာသည်အထိ ဆက်လက်ဖြစ်ပွားနေသည့်အတွက် အနန်းကွင်း၊ စခန်းကြီး၊ ဇီးနှစ်ပင်၊ ရဲတံခွန်၊ ရွာသစ်၊ ပယော်ဟဲ၊ ဦးခွေး-ဒေါ်ယိမ်း၊ သင်္ကြောနှင့် လွတ်ရှမ်း ကျေးရွာများမှ ဒေသခံပြည်သူများသည် ရွာလုံးကျွတ် စစ်ဘေးရှောင်နေရသည်။

စစ်ဘေးရှောင်ပြည်သူများသည် သံဖြူဇရပ်နှင့် မော်လမြိုင်မြို့ကြီးများသို့ ထွက်ပြေးတိမ်းရှောင်လာကြသော်လည်း ဒေသခံ (၁,၀၀၀) ကျော်မှာ နီးစပ်ရာ တောတောင်နှင့် ဥယျာဉ်ခြံများတွင်သာ ပုန်းအောင်းခိုလှုံနေရသည်။ စစ်ဘေးရှောင်ကာလ ကြာရှည်လာသည်နှင့်အမျှ စားဝတ်နေရေးများ ခက်ခဲလာသည်။

**“အရင်က (၅) ရက် (၁၀) ရက်လောက်ဆို အိမ်ပြန်လို့ရပြီ။ အခုက စစ်တပ်က လေကြောင်းတိုက်ခိုက်မှု ဆက်တိုက်လုပ်နေတဲ့အပြင် ဒေသခံတွေရှိတဲ့နေရာတွေကို လက်နက်ကြီးနဲ့ ပစ်ခတ်နေလို့ ပြန်လို့မရသေးဘူး”** ဟု အနန်းကွင်းစစ်ဘေးရှောင်တစ်ဦးက ပြောသည်။

စစ်ဘေးရှောင်ပြည်သူများသည် မိုးရာသီကာလတွင် ရေကြီးရေမြုပ်ခြင်း၊ အစားအစာနှင့် ဆေးဝါးမလုံလောက်ခြင်းများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး ယခုဆောင်းရာသီတွင် နေရာထိုင်ခင်းများ အရေးပေါ်လိုအပ်နေသော်လည်း လာရောက်ကူညီထောက်ပံ့မည့် အဖွဲ့အစည်းများ မရှိချေ။

**"ပြီးခဲ့တဲ့ဩဂုတ်လကဆို မိုးကြီးတော့ တောင်အောက်မှာခိုလှုံနေတဲ့ ဒေသခံအတော်တော်များ များ အခက်အခဲဖြစ်တယ်။ စားစရာထွက်ဝယ်ဖို့က လေကြောင်းတိုက်ခိုက်မှုကို ကြောက်နေရတယ်"** ဟု ဒေသခံသတင်းရင်းမြစ်တစ်ဦးက ပြောသည်။

စစ်ကောင်စီတပ်ကလည်း ရဲတံခွန်၊ ပယော်ဟဲနှင့် ဇီးနှစ်ပင်ကျေးရွာများသို့ အင်အားဖြည့်တင်း လာနေသဖြင့် တိုက်ပွဲများ ပိုမိုပြင်းထန်လာမည်ကို ဒေသခံပြည်သူများက စိုးရိမ်ကြောက်လန့်နေသည်။ ထို့ကြောင့် နေရပ်မပြန်နိုင်သေးဘဲ တောတောင်များတွင် ဆက်လက်ခိုလှုံနေရသည်။

**"ကျွန်တော်တို့ ရွာကနေထွက်လာတာ (၁၀) ရက်ကျော်ပြီ။ ရွာပြန်လို့လည်း မရသေးဘူး။ သူတို့က ရွာထဲမှာ တပ်စွဲထားတာ ခုထိ ပြန်မထွက်သေးဘူး"** ဟု ဥယျာဉ်ခြံတွင် စစ်ရှောင်နေသည့် ဇီးနှစ်ပင်ဒေသခံတစ်ဦးက ပြောသည်။

လတ်တလောတွင် စစ်ရေးတင်းမာမှုများ အနည်းငယ်လျော့ကျသွားသော်လည်း ဝဲကလို အခြေစိုက် အမြောက်တပ်က လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်နေသည့်အပြင် စစ်ကောင်စီကလည်း စစ်လေယာဉ်များဖြင့် နေ့စဉ်ကင်းထောက်နေသည်။

**"ဝဲကလိအမြောက်တပ်က နေ့ရောညပါ အနန်းကွင်းဘက်ကို လက်နက်ကြီးနဲ့ လှမ်းပစ်နေ တာ။ တိုက်လေယာဉ်ကလည်း ဒီနိုဝင်ဘာလမှာ တစ်ရက်ကို (၃) ကြိမ်လောက် ဝဲနေတယ်"** ဟု ဘုရား လေးဆူဒေသခံတစ်ဦးက ပြောသည်။

၂၀၂၄ ဩဂုတ်လ (၁၈) ရက်မှ (၂၉) ရက်နေ့အတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှု နှင့် လက်နက်ကြီးပစ်ခတ်မှုတို့ကြောင့် အမျိုးသမီးနှင့် ကလေးသူငယ်များအပါအဝင် ဒေသခံပြည်သူ (၆) ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ရဲတံခွန်ဒေသခံတစ်ဦးက ပြောသည်။

တိုက်ပွဲကြောင့် အနန်းကွင်းတစ်ရွာလုံးနီးပါး မီးလောင်ပျက်စီးခဲ့ပြီး လွတ်ရှမ်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းနှင့် နေအိမ်အချို့လည်း ထိခိုက်ပျက်စီးခဲ့သည်။ စစ်ကောင်စီက အနန်းကွင်းနှင့် အနီးအနားကျေးရွာများတွင် ဆက်သွယ်ရေးကွန်ရက်များ ဖြတ်တောက်ထားသည်။

# စစ်ကောင်စီ၏လက်နက်ကြီးကြောင့် အရပ်သား (၁) ဦး သေဆုံးပြီး (၂) ဦး ဒဏ်ရာရ



**ဒီဇင်ဘာ ၂၀၊ ၂၀၂၄**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် အနန်းကွင်း စစ်ဗျူဟာစခန်းကို လက်မလွှတ်ရရန်အတွက် စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုများကို ၂၀၂၄ ဒီဇင်ဘာလ (၁၄) ရက်နေ့မှ (၁၇) ရက်နေ့အထိ ဆက်တိုက်ပြုလုပ်ခဲ့ရာ လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် အရပ်သား (၁) ဦး သေဆုံးပြီး (၂) ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း သိရသည်။

အမှတ် (၃၁၈) နှင့် အမှတ် (၃၁၅) အမြောက်တပ်ရင်းနှင့် အမှတ် (၅၈၃) နှင့် အမှတ် (၅၈၇) ခြေမြန်တပ်ရင်းတို့က အနန်းကွင်း စစ်ဗျူဟာစခန်းကို ပစ်ကူပေးရန်အတွက် စခန်းအနီးတဝိုက်နှင့် အနီးအနားကျေးရွာများကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်။

ဒီဇင်ဘာလ (၁၇) ရက်နေ့တွင် သံဖြူဇရပ်မြို့နယ် ဝဲကလိ အခြေစိုက် အမှတ် (၃၁၅) အမြောက်တပ်ရင်းက ပစ်ခတ်လိုက်သည့်လက်နက်ကြီးသည် ဝင်းထောင်းနှင့် နန်းခွိကျေးရွာဘက်သို့ ကျရောက်ပေါက်ကွဲခဲ့သည်။ ပေါက်ကွဲမှုကြောင့် ဝင်းထောင်းကျေးရွာနေ အသက် (၇၂) အရွယ် ဦးအောင်ချစ် သေဆုံးခဲ့ပြီး အသက် (၅၃) အရွယ် ဒေါ်မူလင်းကြည် နှင့် အသက် (၅၄) နှစ်အရွယ် ဒေါ်ပကြီးတို့ ဒဏ်ရာရခဲ့သည်။

**"(၄) ရက်ဆက်တိုက် ပစ်နေတယ်။ တစ်ခါထွက်ရင် (၂) လုံး။ အလုံးကြီး၊ အလုံးငယ် ဆက်တိုက်ပစ်နေတယ်။ ဒီဇင်ဘာ (၁၈) (၁၉) ရက်ရောက်မှ အသံတိတ်သွားတယ်။ ဝင်းထောင်နဲ့ နန်းခွိ ဘက်က (၁) ယောက် သေ၊ (၂) ယောက် ဒဏ်ရာရတယ်။ ဇီးနှစ်ပင်ဘက်က အိမ်တွေလည်း လက်နက်ကြီးမှန်တာ ရှိတယ်"** ဟု ဒေသခံတစ်ဦးက ပြောသည်။

အနန်းကွင်းဗျူဟာစခန်းကို စစ်ကူပေးရန်အတွက် စစ်ကြောင်းချီတက်လာသည့် စစ်ကောင်စီတပ်ကို ကာကွယ်ရန် လက်နက်ကြီးဖြင့် (၄) ရက်ဆက်တိုက်ပစ်ခတ်ခဲ့ခြင်း ဖြစ်ပြီး လက်ရှိတွင် အဆိုပါစစ်ကောင်စီ တပ်သည် အနန်းကွင်းအနီးတဝိုက်ရှိ ကျေးရွာများတွင် တပ်စွဲထားကြောင်း သိရသည်။

အနန်းကွင်းဗျူဟာစခန်းတိုက်ပွဲသည် (၄) လကျော်ကြာမြင့်လာခဲ့ပြီဖြစ်ပြီး လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုတို့ကြောင့် အရပ်သား ထိခိုက်သေဆုံးမှုများ ရှိသကဲ့သို့ ကျေးရွာ (၂၀) ကျော်မှ ဒေသခံပြည်သူ (၂၀,၀၀၀) ကျော်မှာလည်း ဘေးလွတ်ရာထွက်ပြေးတိမ်းရှောင်နေရသည်။

**"(၄) ရက်ဆက်တိုက် ပစ်နေတယ်။ တစ်ခါထွက်ရင် (၂) လုံး။ အလုံးကြီး၊ အလုံးငယ် ဆက်တိုက်ပစ်နေတယ်။ ဒီဇင်ဘာ (၁၈) (၁၉) ရက်ရောက်မှ အသံတိတ်သွားတယ်။ ဝင်းထောင်နဲ့ နန်းခွိဘက်က (၁) ယောက် သေ၊ (၂) ယောက် ဒဏ်ရာရတယ်။ ဇီးနှစ်ပင်ဘက်က အိမ်တွေလည်း လက်နက်ကြီးမှန်တာ ရှိတယ်"**

# ကော့ကရိတ်မြို့နယ်တွင် တိုက်ပွဲကြောင့် စာသင်ကျောင်းများ ပိတ်ထားရ




**ဒီဇင်ဘာ ၁၈၊ ၂၀၂၄**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် စစ်ကောင်စီတပ်နှင့် တော်လှန်ရေးပူးပေါင်းတပ်များအကြား တိုက်ပွဲများ မကြာခဏ ဖြစ်ပွားနေမှုကြောင့် စာသင်ကျောင်းများကို တစ်နှစ်ကျော်သည် အထိ ပိတ်ထားရပြီး ယနေ့အချိန်အထိ ပြန်လည်ဖွင့်လှစ်နိုင်သေး ခြင်း မရှိကြောင်း သိရသည်။

ကော့ကရိတ်မြို့နယ် ရန်ကုတ်၊ ကောင်းမူ၊ ရေလည်ကုန်း၊ အောက်တိုတဲ၊ ကော့နွဲ့၊ တန်းကူး၊ တော်နော်စသည့် ကျေးရွာများ မှ စာသင်ကျောင်းများကို တိုက်ပွဲကြောင့် ပိတ်ထားရသည်။

ငွေကြေးတတ်နိုင်သည့်မိသားစုက မြို့ပေါ်သို့ ပြောင်းရွှေ့ပြီး ပညာဆက်လက်သင်ယူကြသော်လည်း စားဝတ်နေရေးအတွက် ရုန်းကန်နေရသည့် မိသားစုမှ ကလေးငယ်များကမူ ကျောင်း ရပ်နားကာ နိုင်ငံရပ်ခြားသို့ ထွက်ခွာပြီး အလုပ်လုပ်နေရသည်။

“ဒီဒေသဘက်မှာ တိုက်ပွဲက အမြဲဖြစ်နေတော့ ဘယ်ရွာမှ ကျောင်း မဖွင့်ဘူး။ ပိတ်ထားတာ ကြာပြီ။ ကျောင်းတက်ချင်ရင် မော်လ မြိုင်နဲ့ ဘားအံဘက်မှာ လာတက်ရတယ်။ ပိုက်ဆံမရှိတဲ့သူတွေ ကတော့ ကျောင်းထွက်ပြီး နိုင်ငံခြားမှာ အလုပ်သွားလုပ်ရတာ ပေါ့” ဟု ဒေသခံတစ်ဦးက ပြောသည်။

မူလတန်းနှင့် အလယ်တန်းကျောင်းသူကျောင်းသားများသည် ကော့ကျိုက်၊ သရက်တောနှင့် ကမ်းနီးကျေးရွာများသို့ ပြောင်းရွှေ့ ပညာသင်ယူနေရသည်။

ကော့ကရိတ်မြို့နယ်တွင် စစ်ကောင်စီတပ်နှင့် တော်လှန်ရေး အင်အားစုများအကြား တိုက်ပွဲများ မကြာခဏဖြစ်ပွားနေပြီး စစ် ကောင်စီက လေကြောင်းတိုက်ခိုက်မှုအပြင် လူနေကျေးရွာနှင့် အဆောက်အဦးများကို အဓိကပစ်မှတ်ထား တိုက်ခိုက်နေသဖြင့် ဒေသခံပြည်သူအများအပြား ထွက်ပြေးတိမ်းရှောင်နေရသည်။

“

“ဒီဒေသဘက်မှာ တိုက်ပွဲက အမြဲဖြစ်နေတော့ ဘယ်ရွာမှ ကျောင်းမဖွင့်ဘူး။ ပိတ်ထားတာ ကြာပြီ။ ကျောင်းတက်ချင်ရင် မော်လမြိုင်နဲ့ ဘားအံဘက်မှာ လာတက်ရတယ်။ ပိုက်ဆံမရှိတဲ့သူတွေကတော့ ကျောင်းထွက်ပြီး နိုင်ငံခြားမှာ အလုပ်သွားလုပ်ရတာပေါ့”

# မုဒုံတွင် စစ်တပ်က လူငယ်တစ်ဦးကို ဖမ်းဆီးပြီး အတင်းအဓမ္မစစ်မှုထမ်းခိုင်း

**ဒီဇင်ဘာ ၁၇၊ ၂၀၂၄**

၂၀၂၄ ဒီဇင်ဘာလ (၁၅) ရက်နေ့ နံနက် (၁) နာရီအချိန်တွင် မွန်ပြည်နယ် မုဒုံမြို့၌ ပွဲလမ်းသဘင်မှပြန်လာသည့် လူငယ်တစ်ဦးကို စစ်ကောင်စီ၏ အမှတ် (၂၁၀) ခြေမြန်တပ်ရင်းက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ဒေသခံများက ပြောသည်။




**"လူငယ်က အသက်ဘယ်လောက်ရှိလဲ မသိရဘူး။ သူ ပွဲကနေပြန်လာတဲ့အချိန် လမ်းမှာ စစ်တပ်နဲ့တွေ့တော့ သူ့မျက်လုံးကို အဝတ်စနဲ့ပိတ်ပြီး ဖမ်းသွားတယ်"** ဟု မိသားစုနှင့်နီးစပ်သူက ပြောသည်။

စစ်တပ်က အဆိုပါလူငယ်ကို မိသားစုနှင့်အဆက်အသွယ် လုပ်ခိုင်းပြီး "စစ်မှုထမ်းသက်တမ်း (၂) နှစ်ပြည့်ပြီးမှ အိမ်ပြန်ခွင့်ရမည်" ဟု မိခင်ဖြစ်သူကို အကြောင်းကြားစေခဲ့ကြောင်း သိရသည်။

**"ကလေးကိုယ်တိုင် သူ့အမေကို ဖုန်းဆက်ပြီး "အမေ စိတ်မပူနဲ့။ သား စစ်မှုထမ်း (၂) နှစ်ပြည့်ပြီးရင် အိမ်ပြန်လာမယ်" လို့ ပြောတာ"** ဟု ၎င်းက ဆက်ပြောသည်။

> "လူငယ်က အသက်ဘယ်လောက်ရှိလဲ မသိရဘူး။ သူ ပွဲကနေပြန်လာတဲ့အချိန် လမ်းမှာ စစ်တပ်နဲ့တွေ့တော့ သူ့မျက်လုံးကို အဝတ်စနဲ့ပိတ်ပြီး ဖမ်းသွားတယ်"

လာမည့်စစ်မှုထမ်းအပတ်စဉ် (၈) အတွက် သင်တန်းသားသတ်မှတ်အရေအတွက် မရရှိသဖြင့် သင်တန်းဖွင့်ပွဲကို ရွှေ့ဆိုင်းထားရပြီး စစ်မှုထမ်းသင်သန်းသား ရရှိရန် စစ်ကောင်စီက ရပ်ကွက်အုပ်ချုပ်ရေးမှူးများကို ဖိအားပေးစုဆောင်းစေခြင်း၊ အပြစ်မဲ့လူငယ်များကို အကြောင်းအမျိုးမျိုးပြပြီး ဖမ်းဆီးခြင်းနှင့် ပိုက်ဆံပေးကာ လူငှားရမ်းခြင်းများကို အပူတပြင်းလုပ်ဆောင်လာနေသည်။

# ဘီးလင်းမြို့နယ်တွင် အထက်တန်းကျောင်းတစ်ကျောင်း မီးရှို့ဖျက်ဆီးခံရ




**ဒီဇင်ဘာ ၁၉၊ ၂၀၂၄**

၂၀၂၄ ဒီဇင်ဘာလ (၁၇) ရက်နေ့ ညနေ (၃) နာရီအချိန်တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် အလူးလေးကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းတစ်ကျောင်းကို စစ်ကောင်စီတပ်က အကြောင်းမဲ့မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

> ကျောင်းက ပိတ်ထားတာ ကြာပြီ။ ဒါပေမဲ့ ကျောင်းနားတဝိုက်မှာ တော်လှန်ရေးတပ်ဖွဲ့တွေ ဝင်ထွက်သွားလာနေတာ ရှိတယ်။ အဲဒါကြောင့် စစ်တပ်က မီးရှို့လိုက်တာလို့ ပြောကြတယ်

မီးရှို့မှုကြောင့် စာသင်ကျောင်းသည် ပြာကျသည်အထိ မီးလောင်ပျက်စီးခဲ့ကြောင်း ဒေသခံများက ပြောသည်။

တိုက်ပွဲများကြောင့် စာသင်ကျောင်းကို ပိတ်ထားသည်မှာ နှစ်နှင့်ချီကြာမြင့်နေပြီဖြစ်သော်လည်း စာသင်ကျောင်းတွင် တော်လှန်ရေးတပ်ဖွဲ့များက ဝင်ထွက်သွားလာနေသည်ဟုဆိုကာ စစ်ကောင်စီတပ်က မီးရှို့ဖျက်ဆီးခဲ့ခြင်း ဖြစ်သည်။

"ကျောင်းက ပိတ်ထားတာ ကြာပြီ။ ဒါပေမဲ့ ကျောင်းနားတဝိုက်မှာ တော်လှန်ရေးတပ်ဖွဲ့တွေ ဝင်ထွက်သွားလာနေတာ ရှိတယ်။ အဲဒါကြောင့် စစ်တပ်က မီးရှို့လိုက်တာလို့ ပြောကြတယ်" ဟု ဘီးလင်းမြို့ခံတစ်ဦးက ပြောသည်။

ဘီးလင်းမြို့နယ်တွင် တိုက်ပွဲနှင့် နယ်မြေမအေးချမ်းမှုကြောင့် စာသင်ကျောင်းပေါင်း (၆၀) ကျော် ပိတ်ထားရပြီး ယနေ့အချိန်အထိ ပြန်လည်ဖွင့်လှစ်နိုင်သေးခြင်း မရှိချေ။

# တကျော့ပြန်အနန်းကွင်းတိုက်ပွဲကြောင့် ကိုယ်လက်အင်္ဂါ ဆုံးရှုံးရသူ များပြားလာ



**ဒီဇင်ဘာ ၁၃၊ ၂၀၂၄**

၂၀၂၄ ဩဂုတ်လ (၁၈) ရက်နေ့မှစ၍ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူ - သံဖြူဇရပ်ကားလမ်းမပေါ်ရှိ အနန်းကွင်းစစ်ဗျူဟာစခန်းတွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်နှင့် မဟာမိတ်ပူးပေါင်းတပ်များအကြား တိုက်ပွဲတကျော့ပြန်လည် ဖြစ်ပွားခဲ့သည်။

ယခုအခါ တိုက်ပွဲသည် (၄) လနီးပါးကြာမြင့်လာပြီး အနီးအနားဝန်းကျင်ကျေးရွာမှ ဒေသခံပြည်သူ အနည်းဆုံး (၁၀) ဦးသည် လက်နက်ကြီး သို့မဟုတ် မြေမြှုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာရကာ ကိုယ်လက်အင်္ဂါများ ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**“ဒီတစ်ရက်နှစ်ရက်မှာ ကျွန်တော်တို့စခန်းကြီး(အတွင်း)ကျေးရွာမှာ ရွာသား (၃) ရောက် မြေမြှုပ်မိုင်းနင်းမိတယ်။ ရာဘာခြံလုပ်သားက (၂) ယောက်၊ ရွာသားက (၁) ယောက်။ (၃) ယောက်စလုံး ကိုယ်လက်အင်္ဂါ ချွတ်ယွင်းကုန်တယ်”** ဟု အသက် (၅၀) အရွယ် ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။

ပြီးခဲ့သည့် (၃) လတာကာလအတွင်း ဘုရားသုံးဆူ - သံဖြူဇရပ်ကားလမ်းကို စစ်ကောင်စီတပ်က စစ်ကြောင်းထိုးဝင်ရောက်လာပြီး တော်လှန်ရေးတပ်ဖွဲ့များနှင့် နေ့စဉ်ရက်ဆက် တိုက်ပွဲများ ဖြစ်ပွားနေသည်။

စစ်ကောင်စီတပ်က စစ်ရေးအရှိန်မြင့်လာသဖြင့် တော်လှန်ရေးတပ်ဖွဲ့များက ခေတ္တခဏပြန်လည်ဆုတ်ခွာသွားချိန်တွင် တိုက်ပွဲများ အနည်းငယ်လျော့ကျသွားခဲ့သည်၊

အခြေအနေအနည်းငယ် ငြိမ်သက်လာသဖြင့် ဒေသခံပြည်သူများသည် ဝမ်းရေးအတွက် ရွာအပြင်ထွက်ကာ လုပ်ရှားလုပ်ကိုင်ကြရာတွင် မြေမြှုပ်မိုင်းများ မကြာခဏနင်းမိနေသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်တွင် ဇီးနှစ်ပင်ရွာသား (၂) ဦးသည် ရွာအရှေ့ပိုင်းတွင် ခြံလုပ်နေစဉ် မြေမြှုပ်မိုင်းနင်းမိပြီး နီးစပ်ရာဆေးခန်းသို့ ပို့ဆောင်ခဲ့ရသည်။

**"မိုင်းနင်မိတဲ့သူတွေက အသက် (၂၀) ကျော်တွေပဲ။ သူတို့က ရာဘာခြံမှာ ခြံရှင်းနေတုန်း မိုင်းနင်းမိတာ။ တစ်ယောက်က ဒဏ်ရာသိပ်မများပေမဲ့ တစ်ယောက်က ဒဏ်ရာပြင်းတယ်။ အသက်အန္တရာယ် မစိုးရိမ်ရပေမဲ့ ခြေထောက်မှာ အတော်လေးထိသွားတယ်"** ဟု ဒေသခံတစ်ဦးက ပြောသည်။

ပြီးခဲ့သည့်လတွင်လည်း ပငကျေးရွာ မှ အသက် (၄၀) အရွယ် အမျိုးသားတစ်ဦးသည် ၎င်း၏ရာဘာခြံသို့ ဆိုင်ကယ်ဖြင့် လာရောက်စဉ် မြေမြှုပ်မိုင်းနင်းမိခဲ့သည်။ ဆိုင်ကယ်သည် ပျက်စီးကြေမွခဲ့ပြီး လူလည်း သတိမေ့မျောသည်အထိ ထိခိုက်ဒဏ်ရာရခဲ့သည်။

**"ဒီကာလအတွင်းမှာ လက်နက်ကြီးကြောင့်ရော မြေမြှုပ်မိုင်းကြောင့်ရော ထိခိုက်သူတွေ (၁၀) ယောက်ထက်မနည်းဘူး။ သတင်းရဖို့ခက်တော့ အရေအတွက်အတိအကျ မသိနိုင်ဘူး။ ဒီ့ထက်ပိုတာလည်း ဖြစ်နိုင်တယ်။ စစ်ကောင်စီကော တော်လှန်ရေးတပ်ဖွဲ့ကပါ အရပ်သားထိခိုက်သေဆုံးတာတွေကို သတင်းမထုတ်ပြန်ဘူး။ သတင်းသမားတွေလည်း လက်လှမ်းမမီတော့ သတင်းတွေက မြုပ်နေတယ်"** ဟု စံပြကျေးရွာမှ အသက် (၅၀) အရွယ် ရာဘာခြံပိုင်ရှင်တစ်ဦးက ပြောသည်။

ဘုရားသုံးဆူ - သံဖြူဇရပ်ကားလမ်းတလျှောက်ရှိ စံပြ၊ ပယော်ဟဲ၊ ရဲတံခွန်၊ ဇီးနှစ်ပင်၊ လွတ်ရှမ်း၊ တည်င နှင့် သံပုရာကျေးရွာများသည် စစ်မျက်နှာပြင်ဖြစ်နေသဖြင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှု မြင့်မားနေသည်။

မြေမြှုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူများကိုသာ သိရှိနိုင်ပြီး စစ်ဘေးရှောင်ရင်း လက်နက်ကြီးကြောင့် ထိခိုက်သေဆုံးခဲ့ရသူများကိုမူ သိရှိနိုင်ခြင်း မရှိချေ။

တိုက်ပွဲကြောင့် အရပ်သားထိခိုက်သေဆုံးမှုနှင့်ပတ်သက်ပြီး စစ်ကောင်စီတပ်နှင့် တော်လှန်ရေးတပ်ဖွဲ့များက သတင်းထုတ်ပြန်ခြင်း မရှိသကဲ့သို့ တာဝန်ယူတာဝန်ခံမှုလည်း မရှိချေ။

ယခုအခါ တိုက်ပွဲများအနည်းငယ် ပြန်လည်ငြိမ်သက်သွားပြီးဖြစ်သော်လည်း ဒေသခံပြည်သူများသည် အသက်မွေးဝမ်းကျောင်းအလုပ်ကို စိတ်ချလက်ချ လုပ်ကိုင်နိုင်ခြင်းမရှိဘဲ လက်နက်ကြီးနှင့် မြေမြှုပ်မိုင်းရန်ကြောင့် ကိုယ်လက်အင်္ဂါဆုံးရှုံးသည်အထိ ထိခိုက်ဒဏ်ရာရနေသည်။

# လောင်းလုံးတွင် စစ်ကြောင်းဝင်ရောက်ပြီး အမျိုးသမီးတစ်ဦးကို ပစ်သတ်



**ဒီဇင်ဘာ ၁၆၊ ၂၀၂၄**

၂၀၂၄ ဒီဇင်ဘာလ (၁၃) ရက်နေ့တွင် စစ်ကောင်စီတပ်က တနင်္သာရီတိုင်း လောင်းလုံးမြို့နယ်ရှိ ကျေးရွာများကို စစ်ကြောင်းထိုးဝင်ရောက်လာပြီး အမျိုးသမီး (၁) ဦးကို ပစ်သတ်ကာ အမျိုးသား (၂) ဦးကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

အင်အား (၁၀၀) ခန့်ပါသည့် စစ်ကြောင်းသည် သာယာကုန်းနှင့် သဲပုံတောင်ကျေးရွာမှ ထွက်ခွာလာပြီးနောက် ဒီဇင်ဘာလ (၁၂) ရက်နေ့တွင် မင်းရပ်ရွာရှိ မြင်သုံးမြင်ဘုရားတွင် စခန်းချတပ်စွဲခဲ့သည်။ ထို့နောက် ဒီဇင်ဘာလ (၁၃) ရက်နေ့ မနက်ပိုင်းတွင် မင်းရပ်၊ ရာဟောင်း၀၊ ပန္ဒလဲနှင့် အင်းဇောက်ကျေးရွာများဘက်သို့ စစ်ကြောင်းထိုးလာခဲ့သည်။

အဆိုပါစစ်ကြောင်းသည် မင်းရပ်နှင့် သာယာကုန်းကျေးရွာမှ အရပ်သား (၂) ဦးကို ဖမ်းဆီးခဲ့သည့်အပြင် အင်းဇောက်ကျေးရွာမှ အမျိုးသမီး (၁) ဦးကိုလည်း သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။

**"မနက် (၇) နာရီလောက်ကတည်းက လက်နက်ကြီးနဲ့ တောက်လျှောက်ပစ်နေတယ်။ ပစ်သတ်ခံရတဲ့အမျိုးသမီး အလောင်းက လမ်းဘေးမှာပဲ ရှိနေတာ။ စစ်ကြောင်းရှိနေတော့ ဘယ်သူမှ သွားမကောက်ရဲဘူး"** ဟု မင်းရပ်ဒေသခံတစ်ဦးက ပြောသည်။

စစ်ကောင်စီ၏ ပစ်ခတ်သတ်ဖြတ်ခြင်းခံရသူသည် အင်းဇောက်ကျေးရွာနေ အသက် (၅၀) အရွယ် ဒေါ်နွဲ့သန်းဖြစ်ကြောင်း သိရသည်။

စစ်ကြောင်းက ဒီဇင်ဘာလ (၁၄) ရက်နေ့တွင် အင်းဇောက်ကျေးရွာမှ ထားဝယ်မြို့သို့ ပြန်လည်ထွက်ခွာသွားပြီး ဖမ်းဆီးထားသူ (၂) ဦးကို ပြန်လည်လွှတ်ပေးခဲ့သည်။

ပြီးခဲ့သည့်နိုဝင်ဘာလ (၂၁) ရက်နေ့မှစ၍ ရေဖြူနှင့် လောင်းလုံးမြို့နယ်များကို (၁၀) ရက်ကျော်ကြာ စစ်ကြောင်းထိုးဝင်ရောက်လာခဲ့ပြီး လောင်းလုံးမြို့နယ် မြို့ဟောင်းရွာမှ ပန်းရံဆရာဦးကြည်ဝင်းနှင့် ကိုနောင်နောင်တို့ကို ပစ်ခတ်သတ်ဖြတ်ခဲ့သည်။

# ၂၀၂၄ ဒီဇင်ဘာလအတွင်း မွန်, ကရင်, တနင်္သာရီတိုင်းအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက်

- သတ်ဖြတ်ခြင်း နှင့် အစအနဖျောက်ခြင်း (၁၂) ကြိမ်
- ဖမ်းဆီးနှိပ်စက်ခြင်း (၁၄) ကြိမ်
- ထိခိုက်ဒဏ်ရာရခြင်း (၁၀)ကြိမ်
- အတင်းအဓမ္မပြောင်းရွှေ့ခံရခြင်း(၆) ကြိမ်
- အတင်းအဓမ္မငွေကြေးကောက်ခံခြင်း(၄)ကြိမ်
- မြေမြှုပ်မိုင်းပေါက်ကွဲမှု(၅) ကြိမ်
- လွတ်လပ်စွာ သွားလာမှု နှင့် ပြောရေးဆိုခွင့်ကို ဟန့်တားခြင်း(၃)ကြိမ်
- အသက်မွေးဝမ်းကြောင်း(၆)ကြိမ်
- အမျိုးသမီး နှင့် ကလေး(၁၆)ကြိမ်
- ပညာရေး ၊ ကျန်းမာရေး(၃)ကြိမ်
- အိုးအိမ်ဖျက်ဆီးခြင်းခံရခြင်း (၄) ကြိမ်
- တရားဥပဒေစိုးမိုးမှု မရှိခြင်း (၃)ကြိမ်
- မတရား စစ်မှုထမ်းစေခြင်း (၆) ကြိမ်


HURFOM TARGET AREAS




ချိုးဖောက်မှုအကြိမ် အရေအတွက် **93**

# မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြေမြှုပ်မိုင်းပေါက်ကွဲမှု၊ဒဏ်ရာအနာတရနှင့် သေဆုံးသူအရေအတွက်

ဇန်နဝါရီလ မှ ဒီဇင်ဘာလအထိ ၂၀၂၄




မွန်ပြည်နယ် - 10 ကြိမ်

ကရင်ပြည်နယ် - 2 ကြိမ်

တနင်္သာရီတိုင်းဒေသ - 8 ကြိမ်




အမျိုးသား - ၁၄ ဦး(၁၃ ဦးဒဏ်ရာရ/ ၁ ဦးသေဆုံး) ၊ အမျိုးသမီး - ၁၅ ဦး(၁၃ ဦးဒဏ်ရာ/ ၂ ဦးသေဆုံး)၊ ကလေးသူငယ် - ၁ ဦးဒဏ်ရာရ/၁ ဦးသေဆုံး

# အစင်ကျေးရွာပြည်သူ့စစ်၏ ပစ်ခတ်ခံရသူ ကိုယ်ဝန်ဆောင်အမျိုးသမီး သေဆုံး




**ဒီဇင်ဘာ ၁၂၊ ၂၀၂၄**

၂၀၂၄ နိုဝင်ဘာလ (၂၅) ရက်နေ့တွင် မွန်ပြည်နယ် ရေးမြို့နယ် အစင်ကျေးရွာအဝင်ဝတွင် တပ်စွဲထားသည့် ပြည်သူ့စစ်လုံခြုံရေး ဂိတ်မှ ပြည်သူ့စစ်အဖွဲ့ဝင်များသည် ဆိုင်ကယ် (၂) စီးကို စီးနင်း လာသည့် လူငယ် (၄) ဦးကို ပစ်ခတ်ဖမ်းဆီးရာမှ ဒေသခံ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးဖြစ်သူ မဝေဝေနှင်းသည် သေနတ်ထိမှန် ဒဏ်ရာရခဲ့သည်။

၎င်း အသက် (၃၀) အရွယ် အမျိုးသမီးသည် ရေးမြို့ပြည်သူ့ဆေးရုံ ကြီးတွင် ဆေးကုသမှုခံယူခဲ့သော်လည်း ဒီဇင်ဘာလ (၁) ရက်နေ့ တွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

မဝေဝေနှင်း သေဆုံးခြင်းနှင့်ပတ်သက်၍ စစ်ကောင်စီက အကျိုးအကြောင်းလာရောက်မေးမြန်းခြင်း မရှိသည့်အပြင် ပစ်ခတ်ခဲ့သည့် ပြည်သူ့စစ်အဖွဲ့ဝင်များကလည်း တာဝန်ယူ တာဝန်ခံခြင်း မရှိကြောင်း ဒေသခံတစ်ဦးက ပြောသည်။

သေဆုံးသူမဝေဝေနှင်းတွင် ခင်ပွန်းဖြစ်သူနှင့်အတူ အသက် (၃) နှစ်အရွယ် သားငယ် (၁) ဦးနှင့် အသက် (၁) နှစ်ကျော်အရွယ် သမီးငယ် (၁) ဦး ကျန်ရစ်ခဲ့သည်။

# တနင်္သာရီတွင် ရွာချင်းဆက်လမ်း (၈) ခုကို စစ်ကောင်စီတပ်က ဖျက်ဆီး

**ဒီဇင်ဘာ ၂၃၊ ၂၀၂၄**

၂၀၂၄ ဒီဇင်ဘာလ (၄) ရက်နေ့မှ (၁၀) ရက်နေ့အတွင်း တနင်္သာရီတိုင်း တနင်္သာရီမြို့နယ်ရှိ ရွာချင်းဆက်လမ်း (၈) ခုကို စစ်ကောင်စီတပ်က လာရောက်ဖျက်ဆီးခဲ့ကြောင်း ဒေသခံများက ပြောသည်။

ဒီဇင်ဘာလ (၄) ရက်နေ့တွင် တကူကျေးရွာအုပ်စုရှိ ဇဝဲ-ဖာနီ ကားလမ်းပေါ်ရှိ ကွန်ကရစ်တံတား (၂) စင်းကိုလည်းကောင်း၊ ဒီဇင်ဘာလ (၅) ရက်နေ့တွင် ရမ်းဖိုရွာအနောက်ဘက်ရှိ ကားလမ်းနေရာ (၃) နေရာကိုလည်းကောင်း၊ ဒီဇင်ဘာလ (၉) နှင့် (၁၀) ရက်နေ့များတွင် ပဝကျေးရွာအုပ်စု မြိတ်-ဘုတ်ပြင်းကားလမ်းမကြီး၏ တမုတ်ချုံးရွာကားလမ်း (၁) ခုကိုလည်းကောင်း မိုင်းဖြင့် ဖောက်ခွဲကာ ဘူဒိုဇာကားဖြင့် ဖျက်စီးခဲ့သည်။

**"တကူကျေးရွာအုပ်စုက ဇဝဲ-ဖာနီရွာကားလမ်းက ကွန်ကရစ်တံတား (၂) စင်းကို ဘူဒိုဇာတွေနဲ့ မြေဖို့ဖျက်စီးပြီး မိုင်းတွေပါ ထောင်ထားခဲ့တယ်"** ဟု ဒေသခံသတင်းရင်းမြစ်တစ်ဦးက ပြောသည်။

စစ်ကောင်စီက လမ်းများကို ဖျက်ဆီးပြီး မြေမြှုပ်မိုင်းများ ထောင်ထားသဖြင့် တကူ၊ သာရာဘွင်နှင့် ဘန်လောကျေးရွာအုပ်စုရှိ ပြည်သူများအနေဖြင့် စားသောက်ကုန်အပါအဝင် ကုန်ပစ္စည်းတင်သွင်းမှုအတွက် အခက်အခဲဖြစ်နေကြောင်း သိရသည်။

**"သူတို့ဖျက်ဆီးသွားတာက အရှည် ပေ (၅၀) ကျော်တယ်။ တူးသွားတဲ့အနက်က (၅) ပေလောက် ရှိတယ်။ လမ်းတခြမ်းမှာ မြေကြီးတွေကို တူးပြီး နောက်တခြမ်းမှာ မြေကြီးတွေ ပုံထားခဲ့တယ်။ လမ်းတစ်ခုလုံးကို ဖျက်လိုက်တာပါပဲ"** ဟု တမုတ်ချုံရွာသားတစ်ဦးက ပြောသည်။

ဒေသခံများ၏ပြောကြားချက်အရ လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်မီတွင် ဆန်တစ်အိတ်လျှင် ငွေကျပ် (၁၀၀,၀၀၀) ဝန်းကျင်ရှိသော်လည်း လမ်းဖျက်ဆီးခံလိုက်ရပြီးနောက်ပိုင်း ဆန်





တစ်အိတ်လျှင် ငွေကျပ် (၁၅၀,၀၀၀) အထိ ဈေးနှုန်းမြင့်တက်သွားသည့်အပြင် လက်ရှိတွင် ဝယ်ယူ၍ပင် မရနိုင်ကြောင်း သိရသည်။


တကူးကျေးရွာမှ တနင်္သာရီမြို့သို့ ကုန်းလမ်းအတိုင်း သွားရောက်ပါက (၁) နာရီကျော်သာ ကြာမြင့်သော်လည်း ရေလမ်းကို အသုံးပြုမည်ဆိုပါက (၃) နာရီခန့် ကြာမြင့်နေသည်။ လမ်းပန်းဆက်သွယ်ရေး ဖြတ်တောက်ခံလိုက်ရခြင်းကြောင့် အရေးပေါ်ကျန်းမာရေးပြဿနာများ ဖြစ်ပွားလာပါက သွားလာရခက်ခဲမည်ကို ဒေသခံများက စိုးရိမ်နေသည်။

လက်ရှိအချိန်တွင် တနင်္သာရီမြို့နယ်၌ တိုက်ပွဲများ ခပ်စိတ်စိတ်ဖြစ်ပွားလာနေပြီး စစ်ကောင်စီက ဖုန်းလိုင်းဖြတ်တောက်ခြင်း၊ ကားလမ်းများ ဖျက်ဆီးခြင်းနှင့် မိုင်းထောင်ခြင်းများကို ပိုမိုလုပ်ဆောင်လာသည်။


# မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ (၁၂) လ အတွင်း ဖမ်းဆီးမှု၊ ချုပ်နှောင်မှု ၊ ဒဏ်ရာအနာတရ ရရှိမှု နှင့် သတ်ဖြတ်မှု အရေအတွက်





| | Arrested - | Detained | Injured | Killed | Total |
|---|---|---|---|---|---|
| Series2 | 938 | 650 | 984 | 374 | 2946 |




# ၂၀၂၄ ဇန်နဝါရီလ မှ ဒီဇင်ဘာလအထိ လက်နက်ကြီးပစ်ခတ်မှုကြောင့် အသက်ဆုံးရှုံးမှု နှင့် ဒဏ်ရာအနာတရရရှိသူ စာရင်း




ဒဏ်ရအနာတရ ရရှိသူ စုစုပေါင်း (၁၆၈) ဦး၊ အမျိုးသမီး(၇၁)ဦး၊အမျိုးသား(၆၁)ဦး၊ ကလေးသူငယ်(၃၆)ဦး




သေဆုံးသူ စုစုပေါင်း (၇၄) ဦး၊ အမျိုးသမီး(၃၃)ဦး၊အမျိုးသား(၃၃)ဦး၊ ကလေးသူငယ်(၈)ဦး





မွန်ပြည်လူ့ အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်။

# ရေးမြို့နယ်တွင် CDM ကျောင်းဆရာအပါအဝင် ဒေသခံ (၇) ဦး ဖမ်းဆီးခံရ

**ဒီဇင်ဘာ ၂၃၊ ၂၀၂၄**

၂၀၂၄ ဒီဇင်ဘာလ ဒုတိယအပတ်တွင် စစ်ကောင်စီက မွန်ပြည်နယ် ရေးမြို့နယ်မှ "စစ်အာဏာရှင်လက်အောက်တွင် အမှုမထမ်းခြင်း" CDM ပြုလုပ်ထားသူ ကျောင်းဆရာဆရာမများအပါအဝင် ဒေသခံပြည်သူ (၇) ဦးကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။




ဒီဇင်ဘာလ (၁၂) ရက်နေ့တွင် ရေးမြို့နယ် အစင်ကျေးရွာမှ CDM ကျောင်းဆရာ (၁) ဦးနှင့် ကျူရှင်သင်ပြနေသည့်ဆရာမ (၂) ဦးတို့ကို စစ်ကောင်စီက အင်အားအလုံးအရင်းဖြင့် လာရောက်ဖမ်းဆီးခဲ့သည်။

ဖမ်းဆီးစဉ်တွင် နေအိမ်များကို မွှေနှောက်ရှာဖွေခဲ့ပြီး ဖုန်း၊ ငွေကြေးနှင့် ပစ္စည်းများကိုပါ လုယက်ယူဆောင်သွားကြောင်း ဒေသခံများက ပြောသည်။

**"ဖမ်းခံရတဲ့ဆရာဆရာမတွေရဲ့ အိမ်တွေကို သူတို့က မွှေနှောက်ပြီး ပိုက်ဆံတွေ ဖုန်းတွေပါ ယူသွားတယ်"** ဟု အစင်ဒေသခံတစ်ဦးက ပြောသည်။

၎င်းပြင် ဒီဇင်ဘာလ (၁၃) ရက်နေ့တွင် အစင်ကျေးရွာမှ ရေလုပ်ငန်းရှင် ဦးနီနှင့် ယာဉ်မောင်းဖြစ်သူ ဦးကျော်တို့ကို ထပ်မံဖမ်းဆီးခဲ့သည့်အပြင် ၎င်းတို့၏ပိုင်ဆိုင်မှုများကိုလည်း သိမ်းယူသွားသည်။


ဒီဇင်ဘာလ (၁၃) နှင့် (၁၄) ရက်နေ့များတွင်လည်း ရေးမြို့နယ် မော့ကနင်ကျေးရွာမှ ကွမ်းယာရောင်းသူ မိသားစုဝင် (၃) ဦးကို တော်လှန်ရေးအဖွဲ့ကို ထောက်ပံ့သည်ဟူသော စွပ်စွဲချက်ဖြင့် ဖမ်းဆီးခဲ့သည်။

ဖမ်းဆီးခံရသူ (၇) ဦးသည် ဒီဇင်ဘာလ (၂၀) ရက်နေ့အထိ ပြန်လည်လွတ်မြောက်လာခြင်း မရှိသေးကြောင်း သိရသည်။

“

**"ဖမ်းခံရတဲ့ဆရာဆရာမတွေရဲ့ အိမ်တွေကို သူတို့က မွှေနှောက်ပြီး ပိုက်ဆံတွေ ဖုန်းတွေပါ ယူသွားတယ်"**

# မွန်ပြည်နယ်အတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက်
# ဒီဇင်ဘာလ ၂၀၂၄




## Kyike Hto Township

1. Sentenced
2. Died
3. Artillery attack and died
4. Artillery attack and injured

## Thanbyuzayat Township

1. Fled home and IDP
2. Landmine injured
3. Artillery attack and died
4. Arrested and extorts
5. Extorts money

## Mudon Township

1. Arrested young men

## Paung Township

1. Arrested

## Thaton Township

1. Creates worry & forced conscription
2. Arrested and sent to military

## Bilin Township

1. Denied access to education
2. Fled home and IDP
3. Burns high school

## Ye Township(4) cases

1. Economic issue
2. Arrested and charges
3. Extorts money
4. Road block
5. Arrested and extorts
6. Shoot and died
7. Injury
8. Arrested
9. Arrested
10. Sentenced
11. Ignores rise of theft

**Total Cases in Mon State - 25 Cases**

# ကရင်ပြည်နယ်အတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက်
# ဒီဇင်ဘာလ ၂၀၂၄




## Kaw Ka Rate Township

1. Forced lose school
2. Fled home and IDP

## Kyarinnseikyi Township


1. Shutdown of telecomunication
2. Disappear
3. Arrested young men

## Phar Pon Township

1. landmine injured


## Three Pagoda Pass Town

1. Arrested



# တနင်္သာရီတိုင်းဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက်

## ဒီဇင်ဘာလ ၂၀၂၄




### Dawei Township

1. landmine injured

### Long Lone Township

1. Arrested
2. Killed by military operations
3. Killed
4. Released
5. Fled Home & IDPs

### Kaw Thong Town

1. Arrested and killed

### Yebyu Township

1. Shoot and injured
2. Arrested and killed
3. Fled home and IDP

### Tenasserim Township

1. Destorys roads
2. Rob villager

### Tha Yet Chaung Township

1. Artillery attack and injured

**Total Cases in Tanintharyi Divisons - 25 Cases**

# မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ် ၊ ကရင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာမှတ်တမ်း

စစ်ဘေးဒုက္ခသည် ၊ သတ်ဖြတ်မှု နှင့် ဒဏ်ရာအနာတရ ရရှိသူ အရေအတွက်

ဒီဇင်ဘာလ ၂၀၂၄

## Mon State

**IDPs -16,000**

**Killed -8**

**Injured - 32**

## Karen State

**IDPs -20,000**

**Killed -9**

**Injured -40**

## Tanintharyi Region

**IDPs -27,000**

**Killed -12**

**Injured -48**

# သံဖြူဇရပ်တွင် ညီအစ်မနှစ်ဦး တိုက်မိုင်းထိမှန်ပြီး ဒဏ်ရာပြင်းထန်



**ဒီဇင်ဘာ ၁၇၊ ၂၀၂၄**

၂၀၂၄ ဒီဇင်ဘာလ (၈) ရက်နေ့တွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စခန်းကြီးကျေးရွာအုပ်စု ကလိုင်းဗဒေါကျေးရွာအနီးတွင် ညီအစ်မနှစ်ဦးသည် တိုက်မိုင်းထိမှန်ပြီး ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း မိသားစုဝင်များနှင့်နီးစပ်သူများက ပြောသည်။

အသက် (၂၅) နှစ်အရွယ် မဝါဝါထွေးနှင့် ညီမဖြစ်သူ အသက် (၁၆) နှစ်အရွယ် မမွန်နှင်းထွေးသည် ကျေးရွာအနီးရှိ ရာဘာခြံတွင် ထင်းခုတ်သွားစဉ် တိုက်မိုင်းကြိုးကို နင်းမိပြီး မိုင်းပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။

ပေါက်ကွဲမှုကြောင့် မဝါဝါထွေးသည် ခြေနှစ်ဖက်နှင့် ညာဘက်လက်တို့တွင် ဒဏ်ရာရခဲ့ပြီး ညီမဖြစ်သူ မမွန်နှင်းထွေးသည် မျက်လုံးနှင့် လည်ပင်းတို့တွင် ပြင်းထန်ဒဏ်ရာ ရရှိခဲ့သည်။

"ပထမ (၄) ရက်ဆက် တောခုတ်တယ်။ (၃) ရက်နားတယ်။ နောက်ပြန်သွားတဲ့နေ့မှာ မိုင်းထိတယ်။ အကြီးမကို ဆိုင်ကယ်နဲ့ သယ်ထုတ်ခဲ့ရပြီး အငယ်မကိုတော့ ထမ်းစင်နဲ့သယ်ခဲ့ရတယ်" ဟု အမေဖြစ်သူက ပြောသည်။

ညီအစ်မနှစ်ဦးကို သံဖြူဇရပ်လူမှုကယ်ဆယ်ရေးအဖွဲ့က သံဖြူဇရပ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ထိုမှတဆင့် မော်လမြိုင်ပြည်သူ့ဆေးရုံကြီးသို့ ပြောင်းရွှေ့ဆေးကုသမှုခံယူနေရသည်။

"မွန်နှင်းထွေးကတော့ မျက်လုံးတစ်လုံး ထုတ်လိုက်ရတယ်" ဟု အမေဖြစ်သူက ဆက်ပြောသည်။

ထိခိုက်ဒဏ်ရာရသူများသည် ရောဝတီတိုင်း ပန်းတနော်ဇာတိဖြစ်ပြီး ကလိုင်းဗဒေါကျေးရွာတွင် နေထိုင်ကာ တောခုတ်၊ တောရှင်းခြင်းဖြင့် ကျပန်းအလုပ်လုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်းနေကြောင်း သိရသည်။

ပြီးခဲ့သည့်ဒီဇင်ဘာလ (၅) ရက်နေ့တွင်လည်း သံဖြူဇရပ်မြို့နယ် ကျုံကရုတ်ရွာမှ အသက် (၄၃) နှစ်အရွယ် မအေးမွန်သည် ရဲတံခွန်ရွာရှိ ရာဘာခြံတစ်ခုတွင် တိုက်မိုင်းထိခိုက်မိပြီး မိုင်းပေါက်ကွဲမှုကြောင့် ခန္ဓာကိုယ်အနှံ့အပြားတွင် ထိခိုက်ဒဏ်ရာရခဲ့သည်။ ယနေ့အချိန်အထိ သံဖြူဇရပ်ဆေးရုံတွင် ဆေးကုသမှုခံယူနေရဆဲဖြစ်သည်။

> "ပထမ (၄) ရက်ဆက် တောခုတ်တယ်။ (၃) ရက်နားတယ်။ နောက်ပြန်သွားတဲ့နေ့မှာ မိုင်းထိတယ်။ အကြီးမကို ဆိုင်ကယ်နဲ့ သယ်ထုတ်ခဲ့ရပြီး အငယ်မကိုတော့ ထမ်းစင်နဲ့သယ်ခဲ့ရတယ်"

# ရေဖြူတွင် စစ်ကောင်စီစစ်ကြောင်းက အရပ်သား (၁) ဦးကို သတ်ဖြတ်ပြီး ရွာသား (၁၆) ဦးကို ဖမ်းဆီး



**ဒီဇင်ဘာ ၂၄၊ ၂၀၂၄**

၂၀၂၄ ဒီဇင်ဘာလ (၁၇) ရက်နေ့တွင် တနင်္သာရီတိုင်း ရေဖြူမြို့နယ် ကံပေါက်ရေကန်တောင်ရှိ "မိုက်ခရိုဝေ့တာဝါတိုင်စခန်း" ကို တော်လှန်ရေးအင်အားစုများက တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။

အဆိုပါတိုက်ပွဲပြီးနောက် ဒီဇင်ဘာလ (၁၈) ရက်နေ့တွင် စစ်ကောင်စီက စစ်ကား (၈) စီးဖြင့် ပယ၊ ခွေးမဖော်၊ ဒိုက်တကော်၊ ခေါင်ပြန်နှင့် ဇာဒီကျေးရွာများကို စစ်ကြောင်းထိုးဝင်ရောက်လာသည်။

ဒီဇင်ဘာလ (၁၈) ရက်နေ့တွင် ခွေးမဖော်ကျေးရွာမှ အသက် (၄၀) ကျော်အရွယ် ဦးအောင်ကြည်သိန်းနှင့် အသက် (၁၈) နှစ်အရွယ် ကိုဝေဠုကျော်တို့ကို ဖမ်းဆီးခဲ့သည်။

၎င်းပြင် ဇာဒီကျေးရွာမှ အသက် (၅၀) ကျော်အရွယ် အမျိုးသား (၁) ဦး၊ အသက် (၆၀) ကျော်အရွယ် စိတ်ကျန်းမာရေးချို့တဲ့သူ အမျိုးသမီးကြီး (၁) ဦး၊ ခင်ပွန်းနှင့် မီးဖွားပြီးခါစ ဇနီးသည် (၂) ဦး၊ နို့တိုက်မိခင် (၁) ဦး၊ သားအမိ (၃) ဦးတို့ကို ဖမ်းဆီးခေါ်ဆောင်သွားသည်။

ထို့ပြင် လူဦးရေ (၈) ဦးခန့်ရှိသည့် မိသားစု (၂) ခုကိုလည်း ဖမ်းဆီးခေါ်ဆောင်သွားသည်ဟု ဒေသခံများက ပြောသည်။

ဖမ်းဆီးခံရသည့် ဦးအောင်ကြည်သိန်း၏ ရုပ်အလောင်းကို ဒီဇင်ဘာလ (၂၃) ရက်နေ့တွင် ခွေးမဖော်ကျေးရွာ၏ သုဿာန်အနီးတွင် တွေ့ရှိခဲ့သည်။

"အဖမ်းခံရကတည်းက အတော်လေးအရိုက်ခံထားရတယ်။ အလောင်းကို မြေတဝက်မြှုပ်ထားပြီး သစ်ကိုင်းခြောက်နဲ့ အုပ်ထားတယ်။ အနံ့တောင်ထွက်နေပြီ။ စစ်ကြောင်းက အနီးမှာပဲရှိနေသေးတော့ မြေမြှုပ်ရမယ့်ကိစ္စကို ဘာမှမလုပ်ရသေးဘူး။ နောက်တစ်ယောက်က အခုချိန်အထိ အဆက်အသွယ် ပြတ်နေတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

ဦးအောင်ကြည်သိန်းနှင့်အတူ ဖမ်းဆီးခံရသည့် အသက် (၁၈) နှစ်အရွယ် ကိုဝေဠုကျော်သည်လည်း သတင်းအစအနမရဘဲ ပျောက်ဆုံးနေသည့်အပြင် ဇာဒီကျေးရွာတွင် ဖမ်းဆီးသွားသည့် ရွာသား (၁၆) ဦးမှာလည်း ပြန်လည်လွတ်မြောက်လာခြင်း မရှိသေးချေ။

"ဒီဇင်ဘာ (၂၀) ရက်နေ့မှာဆို ဇာဒီရွာထဲကို လက်နက်ကြီးနဲ့ တစ်နေ့လုံး ပစ်နေတယ်။ အိမ်တွေကိုလည်း မီးတိုက်တယ်။ အဝေးက လှမ်းမြင်နေရတယ်။ ဒီနေ့အထိ စစ်တပ်က ရွာထဲမှာပဲရှိနေတဲ့အတွက် အိမ်ဘယ်နှဆောင်(လုံး) မီးအရှို့ခံလိုက်ရလဲဆိုတာ မသိရသေးဘူး" ဟု ဇာဒီရွာသားတစ်ဦးက ပြောသည်။

လက်ရှိအချိန်တွင် စစ်ကောင်စီစစ်ကြောင်းက ဇာဒီကျေးရွာတွင် တပ်စွဲထားသဖြင့် ဇာဒီကျေးရွာအပါအဝင် အနီးအနားဝန်းကျင်ရှိ ပယ၊ ခွေးမဖော်၊ ဒိုက်တကော်နှင့် ခေါင်ပြန်ကျေးရွာများမှ ဒေသခံပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရကြောင်း သိရသည်။

# ကြာအင်းဆိပ်ကြီးမြို့တွင် တစ်ရပ်ကွက်လျှင် (၁၀) ယောက်နှုန်းဖြင့် စစ်မှုထမ်းရမည်




**ဒီဇင်ဘာ ၁၈၊ ၂၀၂၄**

၂၀၂၄ ဒီဇင်ဘာလ (၁၂) ရက်နေ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးက ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့ပေါ်ရှိ ရပ်ကွက် (၆) ခုမှ ဒေသခံပြည်သူများကို အစည်းအဝေးခေါ်ယူကာ ရပ်ကွက်တစ်ခုလျှင် (၁၀) ယောက်နှုန်းဖြင့် မဖြစ်မနေစစ်မှုထမ်းရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု ဒေသခံများက ပြောသည်။

**"အဲအစည်းအဝေးပြီးနောက်ပိုင်းမှာ စစ်ကောင်စီက ရပ်ကွက်တွေမှာ လူငယ်တွေကို ပေါ်တာသဘောမျိုး ဖမ်းဆီးတာတွေ ရှိလာတယ်။ အမှတ် (၁) ရပ်ကွက်မှာတော့ လူငယ် (၃) ဦးထက်မနည်းကို ကားပေါ်ဖမ်းတင်သွားတယ်"** ဟု အမည်မဖော်လိုသူ ဒေသခံတစ်ဦးက ပြောသည်။

ကြာအင်းဆိပ်ကြီးမြို့တွင် ည (၆) နာရီနောက်ပိုင်း ညမထွက်ရအမိန့်ကို ထုတ်ပြန်ထားပြီး ညပိုင်းအချိန် အပြင်ထွက်သည့်လူငယ်များကို စစ်ကောင်စီတပ်က မတရားဖမ်းဆီးနေသည်။

ကရင်ပြည်နယ်ရှိ ကျေးရွာများတွင်လည်း တစ်ရွာလျှင် လူတစ်ယောက်နှုန်းဖြင့် စစ်မှုထမ်းရမည်ဖြစ်ပြီး စစ်မှုထမ်းသင်တန်းသား မပေးပို့နိုင်ပါက ငွေကျပ်သိန်း (၃၀) ပေးဆောင်ရမည်ဟု စစ်ကောင်စီက အုပ်ချုပ်ရေးမှူးများကို ဖိအားပေးထားသည်။

သင်တန်းသား ပေးပို့ခြင်း သို့မဟုတ် ငွေကြေးပေးဆောင်ခြင်း မရှိပါက ကျေးရွာများတွင် အတင်းအဓမ္မဝင်ရောက်ဖမ်းဆီးမည်ဖြစ်ကြောင်း စစ်ကောင်စီက ခြိမ်းခြောက်ထားသည်။

ဗမာ့ရေးရာနှင့် ပဋိပက္ခလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာအရ အင်အားပြုန်းတီးမှုနှင့်ရင်ဆိုင်နေရသည့် စစ်ကောင်စီတပ်က စစ်မှုထမ်းအပတ်စဉ် (၁) မှ (၅) အထိ သင်တန်းသား (၂၁,၀၀၀) ကို အဓမ္မစုဆောင်းခဲ့ကြောင်း သိရသည်။

> "အဲအစည်းအဝေးပြီးနောက်ပိုင်းမှာ စစ်ကောင်စီက ရပ်ကွက်တွေမှာ လူငယ်တွေကို ပေါ်တာသဘောမျိုး ဖမ်းဆီးတာတွေ ရှိလာတယ်။ အမှတ် (၁) ရပ်ကွက်မှာတော့ လူငယ် (၃) ဦးထက်မနည်းကို ကားပေါ်ဖမ်းတင်သွားတယ်"

## မွန်ပြည်လူ့အခွင့်ရေးဖောင်ဒေးရှင်း

မွန်ပြည့်လူ့အခွင့်အရေး ဖောင်ဒေးရှင်းကို ၁၉၈၈ လှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ဒီမိုကရေစီစနစ်ကို အားပေးထောက်ခံသော ကျောင်းသားများ၊ တက်ကြွသော လှုပ်ရှားသူများ၊ မွန်လူထုခေါင်းဆောင်များနှင့် လူငယ်များ စုပေါင်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားရေး၊ လူ့အခွင့်အရေး ရရှိရေးနှင့် စစ်မှန်သော ငြိမ်းချမ်းရေးပေါ်ပေါက်ရေးတို့ကို အဓိကရည်ရွယ်ချက်ဖြင့် ထားရှိကာ ထူထောင်ခဲ့ခြင်း ဖြစ်သည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး အဖွဲ့ဝင်များအားလုံးသည် တူညီသော ရည်မှန်းချက်ပန်းတိုင်ကို တူညီသော အတွေးအမြင်များဖြင့် ချီတက်နေကြသော စေတနာ့ ဝန်ထမ်းများဖြစ်သည်။ မွန်ဒေသနှင့် မြန်မာနိုင်ငံ တောင်ပိုင်း ဒေသများမှ လူ့အခွင့်အရေး အခြေအနေများကို စောင့်ကြည့်လေ့လာခြင်းဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားလာစေရန် ဒေသဆိုင်ရာ တိုင်းရင်းသားလူ့အခွင့်အရေး အဖွဲ့တစ်ဖွဲ့ အနေဖြင့် ကျရာတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးများ ထုတ်ဝေခြင်းဖြင့် တွန်းအားပေးလျက်ရှိသည်။ မွန်လုထုအသံ ဟူသော စာစောင်ကို ပုံမှန်ထုတ်ဝေလျက်ရှိပြီး လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာများကိုလည်း အခါအားလျော်စွာ ထုတ်ဝေလျက်ရှိသည်။

ပန်းတိုင် နိုင်ငံသားအားလုံး လူ့အခွင့်အရေးကို အပြည့်အဝ ရရှိခံစားနိုင်စေရန်။

ရည်ရွယ်ချက်

(၁) လူ့အခွင့်အရေးနှင့်ပတ်သက်သော သတင်းများ ပြည်သူလူထုအကြား ပိုမိုပျံ့နှံ့ သိရှိနိုင်စေရန်။

(၂) လူ့အခွင့်အရေးနှင့် ပတ်သက်၍ ပြည်သူလူထုကို ပညာပေးလှုံ့ဆော်ရန်။

(၃) လူ့အခွင့်အရေးနှင့် ပတ်သက်သော လှုပ်ရှားမှုများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန်။

စာဖတ်သူများထံမှ ဝေဖန်အကြံပြုစာ တောင်းခံခြင်း ချစ်ခင်လေးစားရပါသော စာဖတ်သူများခင်ဗျား

မြန်မာနိုင်ငံ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ လူ့အခွင့်အရေးစာစောင်ကို ထုတ်ဝေလျက်ရှိသည်။ သတင်းအချက်အလက်နှင့်ပတ်သက်၍ အချိန်နှောက်ကျခြင်းများ ဖြစ်ပေါ်ခဲ့ပါက ဤအချက်အလက်များ တိကျသေချာစေရန် အကြိမ်ကြိမ် အထပ်ထပ်စစ်ဆေးနေရခြင်းကြောင့် ဖြစ်ပါသဖြင့် စာဖတ်သူများမှ နားလည်ပေး စေလိုပါကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ အနူးအညွတ် တောင်းပန်အပ်ပါသည်။ ကျွန်ုပ်တို့ထံသို့ ဝေဖန်အကြံပြုစာ ပေးပို့လို၍ဖြစ်စေ ကျွန်ုပ်တို့၏ စာစောင်ကို ပေးပို့ စေလို၍ဖြစ်စေ အောက်ပါလိပ်စာအတိုင်း ပေးပို့နိုင်ပါသည်။ စာစောင်ပေးပို့ စေလိုပါက ပေးပို့ စေလိုသော လူပုဂ္ဂိုလ်၏ နာမည်နှင့် လိပ်စာအပြည့်အစုံကို ပေးပို့စေလိုပါသည်။

ရိုသေလေးစားစွာဖြင့်
ဒါရိုက်တာ
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

Rehmonnya.org

Human Rights Foundation of Monland (Burma)
P. O. Box 2237
General Post Office
Bangkok 10501, THAILAND